# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 18, 2022 | Volume 51, Number 14


**၁၈.၂.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၄.၆ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၄.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၈၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၃၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မတ် ၁ ရက်မှစတင်၍ စားသောက်ကုန်အချို့၊ မော်တော်ယာဉ်အပိုပစ္စည်းအချို့နှင့် ကုန်စည်လိုင်း ၈၀၀ ကျော် သွင်းကုန်လိုင်စင်လျှောက်ထားရမည်

လာမည့် မတ် ၁ ရက်မှစတင်၍ စားသောက်ကုန်အချို့အပါအဝင် မော်တော်ယာဉ်အပိုပစ္စည်းအချို့နှင့် ကုန်စည်လိုင်း ၈၀၀ ကျော် သွင်းကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ပြီး H.S Code 10 digit ကုန်စည်လိုင်း ၈၂၆ လိုင်းအတွက် MACCS စနစ်တွင် Setting ပြောင်းလဲထားရှိခဲ့ပြီးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ဇန်နဝါ ရီ ၂၅ ရက်က ထုတ်ပြန်ကြေညာသော ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၁/၂၀၂၂) အရ စားသောက်ကုန်အချို့၊ ပလတ်စတစ်အခြေခံ တစ်ဝက် တစ်ပျက်ကုန်ချောပစ္စည်းနှင့် အိမ်သုံးပစ္စည်းအချို့၊ သစ်သားပျော့ဖတ်၊ ပိုးချည်၊ ဝါချည်၊ ကော်ဇောကဲ့သို့သော ကြမ်းခင်းများ၊ ချည်ထည်ပစ္စည်း၊ ဖန်ထည်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးနှင့်မော်တော်ယာဉ် အပိုပစ္စည်းများပါဝင်သည့် ၂၀၁၇ Customs Tariff of Myanmar အရ H.S Code 10 digit ကုန်စည်လိုင်း ၈၂၆ လိုင်းကို သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းအဖြစ် လာမည့် မတ် ၁ ရက်တွင် စတင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်သတ်မှတ်ခဲ့ရာ လိုအပ်သည့်ဆောင်ရွက် ချက်များအား အကောက်ခွန်ဦးစီးဌာနက ပြောင်းလဲဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ(၁/၂၀၂၂) အရ မတ် ၁ ရက်မတိုင်မီ တင်သွင်းခဲ့သော ကြိုတင်သွင်းကုန်ကြေညာလွှာ (Preliminary Declaration) များ အနေဖြင့် အဆိုပါ H.S လိုင်းများ အသုံးပြုထားပြီးဖြစ်ပါက H.S လိုင်းကြောင့် Error (E0030) ဖြစ်ခဲ့လျှင် IDD Service ကို ပြန်လည်ခေါ်ယူ၍ လိုင်စင်ဖြတ်တောက်ခြင်း လုပ်ငန်း (JTB/JTA Service) ဆောင်ရွက်ကာ IDC Service ပြန်လည်ဆောင်ရွက်ရမည် ဟုလည်း အကောက်ခွန်ဦးစီးဌာနမှ ကုန်သည်များထံ အသိပေးပြောကြားထားပြီး ဖြစ်ကြောင်းသိရသည်။

သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် မတ် ၁ ရက်တွင် စတင်အကျိုးသက်ရောက်မည့် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော H.S လိုင်း ၈၂၆ လိုင်းနှင့်ပတ်သက်၍ လိုင်စင်ကြိုတင်သတိပြုလျှောက်ထားရယူနိုင်ပြီး အခက်အခဲတစ်စုံတစ်ရာရှိပါက ရုံးဖွင့် ရက်များတွင် Help Desk Section (01-379429)သို့ ဆက်သွယ်မေးမြန်း အကူအညီ တောင်းခံနိုင်ကြောင်းသိရသည်။

**Source:** http://sdtimedaily.com/


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပို့ကုန် မတ်ပဲနှင့်ပဲစင်းငုံဈေးများ ပြန်လည်မြင့်တက်လာပြီး အသစ်ဝင် ပဲမာလိုင်းများလည်း သိသိသာသာဈေးတက်ကာ အဝယ်သွက်နေ

ပို့ကုန် မတ်ပဲနှင့်ပဲစင်းငုံဈေးများ ပြန်လည်မြင့်တက်လာသည့်အပြင် အသစ်ဝင်ပဲမာလိုင်းများလည်း ဈေးကွက်အတွင်း သိသိသာသာဈေးတက်ကာ အဝယ်သွက်နေကြောင်း ပဲ ၊နှမ်းကုန်သည်များထံက သိရသည်။

ဖေဖော်ဝါရီလဆန်းပိုင်းက ပို့ကုန်တင်ပို့မှုဆိုင်ရာ အခက်အခဲများကြောင့် ပြည်တွင်းပဲဈေးကွက် ကျဆင်းသွားသော်လည်း ယခုသီတင်းပတ်တွင် ပို့ကုန်ပဲများအပါအဝင် အသစ်ဝင်ရောက်လာသည့် ပဲမာလိုင်းဈေးကွက်မှာ အဝယ်သွက်လာပြီး အမျိုးအစားအလိုက် တစ်အိတ်ကျပ် ၅,၀၀၀ မှ ၁၀,၀၀၀ ကျော်ထိဈေးမြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။ “ပို့ကုန်ပဲတွေ မတ်ပဲ၊ ပဲစင်းငုံတွေ ဈေးပြန်တက်လာတယ်။ ပဲတီစိမ်းကတော့ မန္တလေးဈေးကွက် ရောက်မလာ တော့ဘဲ ရန်ကုန်ဈေးကွက်မှာသာ အရောင်းအဝယ်ရှိနေပါတယ်။ ပို့ကုန်ပဲတွေကတော့ ပျမ်းမျှတစ်တင်းကျပ် ၄၀,၀၀၀ အထက်ကို ပြန်ရောက်လာပါတယ်။ မတ်ပဲက သုံးတင်းတစ်အိတ်ကျပ် ၁၂၅,၀၀၀ ဈေးပြန်ဖြစ်လာသလို ပဲစင်းငုံလည်း တစ်အိတ် ကျပ် ၁၂၅,၀၀၀ -၁၂၇,၀၀၀ ဈေးပြန်တက်လာတယ်။ ပဲမာလိုင်းထဲမှာ အမျိုးအစားအလိုက်ဈေးတွေပြန်တက်လာတယ်။ မြေထောက်ပဲဆိုရင် တစ်အိတ် ကျပ် ၁၄၂၀၀၀ ဈေးထိဖြစ်လာတော့ ယခင်ပတ်ထက် ကျပ် ၁၀၀၀၀ ဈေးမြင့်တက်လာတယ်။

"ပဲယင်းတစ်အိတ်ကို ယခင်ပတ် ၈၅,၀၀၀ လောက်ပေါက်ဈေးကနေ ဒီနေ့ ၉၈,၀၀၀ ပေါက်ဈေးဖြစ်လာတယ်။ နှမ်းနက် ကတော့ ဈေးကွက်အတွင်းမှာ ပဲမာလိုင်းတွေ အရောင်းအဝယ် ကောင်းနေတော့ နှမ်းနက်က ပေါ်ပြူလာတော့ မဖြစ်တော့ဘူး။ ဒါပေမယ့် နှမ်းနက်တစ်အိတ် ကျပ် ၂၁၀,၀၀၀ ပေါက်ဈေးကတော့ငြိမ်နေပါတယ်။ ကုလားပဲအုပ်စုအသစ်တွေလည်း ဈေးကျ နေရာကနေ တစ်အိတ်ကျပ် ၃၀၀၀-၅၀၀၀ ဈေး ပြန်တက်လာပါတယ်။ မြေပဲဆံကတော့ ယခင်အပတ်အတိုင်း အမြင့်ဈေးနဲ့ အဝယ်သွက်နေပါတယ်။” ဟု ၎င်းကပြောသည်။

**ပဲစင်းငုံ၊ မတ်ပဲ ၊ ပဲတီစိမ်း**

ပြည်တွင်းပို့ကုန်ပဲများထဲမှ ပဲတီစိမ်းကို အိန္ဒိယနိုင်ငံက ကန့်သတ်ကုန်သတ်မှတ်လိုက်သော်လည်း မတ်ပဲနှင့် ပဲစင်းငုံမှာ ယခင်သီတင်းပတ်ထက် ဈေးပြန်မြင့်တက်လာသလို ပေါက်ဈေးအတိုင်း အဝယ်ရှိနေပြီး အရောင်းပိုင်းက ထိန်းရောင်း နေကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၆ ရက်က မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် အရည်အသွေးအလိုက် ကျပ် ၁၂၃,၀၀၀ မှ ကျပ် ၁၂၅,၀၀၀ ၊ ပဲစင်းငုံ ပိဿာ ၆၀ ဝင်တစ်အိတ် ကျပ် ၁၂၅,၀၀၀ ထိ ပြန်လည်မြင့်တက်လာသည်။

**မြေပဲ ၊ နှမ်းနက်**

ပြည်တွင်း စားအုန်းဆီဈေး တဖြေးဖြေးမြင့်တက်လာခြင်းနှင့်အတူ မြေပဲဆန်ဈေးကွက်မှာ ဖေဖော်ဝါရီ လဆန်းပိုင်းရက်များ ကထဲက မြင့်တက်လာရာက ဖေဖော်ဝါရီ ၁၆ ရက်အထိ ဈေးကောင်း အဝယ်အသွက်ဆုံးဖြစ်နေသည်။ မြေပဲဆန်အမျိုးအစား အလိုက် တစ်ပိဿာ ကျပ် ၅၀-၇၅ ကျပ်ဈေးမြင့်တက်လာသည်။ နှမ်းနက်မှာမူ အခြားအသစ်ဝင် ပဲမာလိုင်းများ အရောင်းအဝယ် ကောင်းနေသဖြင့် သုံးတင်းတစ်အိတ်ကျပ် ၂၁၀,၀၀၀ ယခင်အတိုင်း ဈေးကျဆင်းမှု မရှိသော်လည်း အဝယ်အေးနေသည်။ ဖေဖော်ဝါရီ ၁၆ ရက်တွင် နှမ်းနက်(အလတ်စ) သုံးတင်းဝင်တစ်အိတ် ကျပ် ၁၈၀,၀၀၀-၁၉၅,၀၀၀-၂၁၀,၀၀၀ ဈေးရှိနေသည်။ နှမ်းဖြူသစ်ရိုးရိုးမှာ တစ်အိတ်လျှင် ကျပ် ၁၆၈,၀၀၀-၁၇၀,၀၀၀ ၊ နှမ်းညိုသစ်မှာ ကျပ် ၁၂၇,၀၀၀-၁၃၀,၀၀၀ အသီးသီး ပေါက်ဈေးရှိသည်။ မြေပဲလုံးဆန်တွေက တစ်ပိဿာကျပ် ၃၄၇၅၊ အနီလုံးဆန် တစ်ပိဿာ ကျပ် ၃၀၅၀၊ ပြန့်လုံးဆန်၊ ပြန့်ဆီဆန် တစ်ပိဿာကျပ် ၃၁၅၀ ပေါက်ဈေးထိ ဖြစ်လာသည်။

အသစ်ဝင်ရောက်လာသည့် စွန်တာပြာ တစ်အိတ် ကျပ် ၁၂၀,၀၀၀ ၊ ပဲဇီးကွက် တစ်အိတ်ကျပ် ၁၂၀,၀၀၀၊ နိုင်လွန်ပဲ-ပုဂံပဲ တစ်အိတ် ကျပ် ၁၄၃,၀၀၀၊ ဘိုကိတ်ပဲတစ်အိတ် ကျပ် ၁၄၅,၀၀၀၊ ပဲထောပတ် ရှယ်သစ် တစ်အိတ် ကျပ် ၁၄၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ် ကျပ် ၁၄၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်ကျပ် ၁၈၅,၀၀၀၊ ပြည်တွင်းသုံးကုလားပဲ (ဗွီးတူး)တစ်အိတ် (၅၇ ဒသမ ၂၅ ပိဿာ) ကျပ် ၁၁၅,၀၀၀ ပေါက်ဈေးရှိရာ ယခင်သီတင်းပတ်ထက် ပဲမာလိုင်းပဲများ အမျိုးအစားအလိုက် ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ ကျော် ဈေးပြန်မြင့်တက်လာသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## ပြည်ပပို့ကုန်ဆန်ဈေးတွေ သိသာစွာမြင့်တက်လာ

ပြည်ပပို့ကုန်ဆန်ဈေးနှုန်းတွေ သိသိသာသာမြင့်တက်နေတယ်လို့ ဘုရင်နောင်ဆန်ကုန်စည် ဒိုင်အတွင်းရေးမှူး ဦးသန်းဦးက ပြောဆိုပြီး လက်ရှိမှာ ၂၅ မှတ် ပို့ကုန်ဆန် တစ်အိတ်ဈေးက ၂၅၀၀၀ ရှိနေတယ်လို့သိရပါတယ်။ တခြားပို့ကုန် ဆန်အမျိုးအစားတွေကလည်း တစ်အိတ်ကို ကျပ် ၂၅၈၀၀ နဲ့ ၂၇၅၀၀ ကျပ်စီရှိနေတယ်လို့သိရပြီး လက်ရှိပို့ကုန်ဆန်ဈေးတွေဟာ မကြုံစဖူး စံချိန်နဲ့မြင့်တက်နေတာဖြစ်တယ်လို့ ဦးသန်းဦးကပြောပါတယ်။

ပို့ကုန်ဆန်ဈေးတွေ ဆက်တက်မလားဆိုတာကတော့ နိုင်ငံခြားငွေလဲနှုန်းနဲ့ နိုင်ငံတကာဆန်ကုန်သွယ်မှုပေါ်မှာ မူတည်နေပြီး လက်ရှိပြင်ပငွေနှုန်းက အမေရိကန်ဒေါ်လာကို ၁၉၈၀ ကျပ် အထိရှိနေတယ်လို့ သူကဆက်ပြောပါတယ်။ လက်ရှိဆန်ဈေးကွက်မှာ မိုးစပါးလက်ကျန်တွေ လျော့နည်းလာနေပြီးမကြာခင် နွေစပါးသစ်တွေ ဈေးကွက်ထဲစတင်ဝင်ရောက်လာတော့မှာဖြစ်ပါတယ်။

မိုးစပါးက အောက်တိုဘာမှာပေါ်လေ့ရှိပြီး အခုချိန်ဒေသအတော်များများမှာ မိုးစပါးလက်ကျန် မရှိသလောက် လျော့နည်းသွားပြီး ပြည်တွင်းစားသုံးဖို့ကလွဲရင် ပြည်ပတင်ပို့ဖို့ကြိတ်ခွဲမယ့် စပါးလက်ကျန်က နည်းနည်းပဲကျန်တော့တယ်လို့ သူက ပြောဆိုပါတယ်။

ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်ကို နေ့စဉ်ဆန်ကြမ်း အိတ်ရေ ၃၀၀၀၀–၄၀၀၀၀ ဝန်းကျင်ဝင် ရောက်နေပြီး အဲဒီက ဆန်တွေကို ပင်လယ်ရေကြောင်းကနေတဆင့် ပြည်ပကိုတင်ပို့ ရောင်းချလေ့ရှိပါတယ်။ အခု မီနီဘတ်ဂျက်ကာလ အောက်တိုဘာ ၁ ကနေ ဇန်နဝါရီ ၃၁ အထိ မြန်မာနိုင်ငံကနေ ပြည်ပကို ဆန်တန်ချိန် ၁ သန်းကျော် တင်ပို့နိုင်ခဲ့ပြီးဖြစ်တယ်လို့ ဆန်စပါးအသင်းချုပ်ကနေ ထုတ်ပြန်ထားပါတယ်။

**Ref: GNLM**

**Source: Current Content**

## ဘရာဇီးလ်နိုင်ငံမှ ပြောင်းစေ့တန်ချိန် ၅ သန်းဝယ်ယူရန် အီရန်နိုင်ငံနှင့်သဘောတူညီမှုရရှိခဲ့



ဘရာဇီးလ်နိုင်ငံမှ ပြောင်းစေ့တန်ချိန် ၅ သန်းအားဝယ်ယူရန် အီရန်နိုင်ငံနှင့်သဘောတူညီမှုရရှိခဲ့ပြီး အပြန်အလှန်အားဖြင့် ဘရာဇီးလ်နိုင်ငံက အီရန်ဓာတ်မြေဩဇာများကို ပြန်လည်ဝယ်ယူတင်သွင်းသွားမည်ဖြစ်ကြောင်း၊ ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး၏ အီရန်ခရီးစဉ်အတွင်းတွင် အီရန်စိုက်ပျိုးရေး ဒုတိယအတွင်းဝန် ဦးဆောင်သည့် ဓာတ်မြေဩဇာထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အဆိုပါသဘောတူညီချက်အား ထုတ်ပြန်နိုင်ခဲ့ကြောင်း Mato Grosso ပြည်နယ်၏ ပဲပုတ်စေ့နှင့် ပြောင်းစိုက်ပျိုး ထုတ်လုပ်သူများအသင်း (Aprosoja–MT) ဥက္ကဋ္ဌ Fernando Cadore ကပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံနှင့်အီရန်နိုင်ငံအကြား ကုန်ပေးကုန်ယူစနစ် ဖြင့် ဘရာဇီးလ်ပြောင်းစေ့နှင့် အီရန်ဓာတ်မြေဩဇာတို့ကို တိုက်ရိုက် လဲလှယ်နိုင်မှုသည် ကုန်သွယ်မှုတွင် ဘရာဇီးလ်အစိုးရ၏ ဗျူရိုကရေစီ လုပ်ငန်းစဉ်များအား ဖြေလျှော့ပေးမှုတစ်ရပ် အဖြစ်ရှုမြင်ရကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူနှင့် ဓာတ်မြေဩဇာ ထုတ်လုပ်သူတို့ အချင်းချင်း ကုန်ပစ္စည်းတိုက်ရိုက်လဲလှယ်နိုင်မှုကြောင့် နှစ်ဦးနှစ်ဘက် တွင် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ဝန်ကြီး Teresa Cristina ၏ အီရန်နိုင်ငံခရီးစဉ်တွင် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများလိုက်ပါသွားခဲ့ပြီး ဘရာဇီးလ်စိုက်ပျိုးထုတ်လုပ်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သည့်အပြင် ဘရာဇီးလ်–အီရန် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေး လုပ်ငန်းများကို ဆွေးနွေးနိုင်ခဲ့ကြောင်း အသင်းဥက္ကဋ္ဌ Fernando Cadore က ပြောကြားခဲ့သည်။ ထို့အပြင် ဘရာဇီးလ်စိုက်ပျိုးရေးလုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် အခက်အခဲများသည် ဝန်ကြီး၏ခရီးစဉ်သွားရောက်ပြီးနောက် အခွင့်အလမ်းများ အဖြစ်ပြောင်းလဲနိုင်ခဲ့ကြောင်း၊ ဘရာဇီးလ် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ကုန်ထုတ်စွမ်းအား မြင့်မားစွာတည်ရှိနေမှုအပေါ် စွမ်းအားပြည့်ထိရောက်စွာ

အသုံးပြုနိုင်ရန်နှင့် အီရန်နိုင်ငံသို့ ကျန်းမာရေးဘေးကင်းလုံခြုံမှုရှိသော စားသောက်ကုန်များ ပိုမိုတိုးတက်တင်ပို့နိုင်ရန် အတွက်လည်း အလေးထားလုပ်ဆောင်သွားသင့်ကြောင်း Cadore က တိုက်တွန်းပြောကြားခဲ့သည်။

**Source:** canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရာဇီးလ်)**

## အိန္ဒိယနိုင်ငံ၌ စားသောက်ကုန်ဈေးနှုန်းဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရန် ပဲနီလေးနှင့်စားအုန်းဆီအပေါ် သွင်းကုန်အခွန်လျှော့ချ

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းစားသောက်ကုန်ဈေးနှုန်းများဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ ပဲနီလေးနှင့်စားအုန်းဆီ တင်သွင်းမှုအပေါ်ကောက်ခံလျက်ရှိသော အခွန်နှုန်းထားများအား လျှော့ချသည့်အမိန့်ကြော်ငြာစာများကို အိန္ဒိယအစိုးရက ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း၌ ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယအခွန်ဦးစီးဌာန၏ ၁၂-၂-၂၀၂၂ နေ့ အမိန့်ကြော်ငြာစာအမှတ် 16/2022-Customs ဖြင့် ထုတ်ပြန်ချက်အရ ၁၃-၂-၂၀၂၂ နေ့မှစတင်၍ ဩစတေးလျနှင့် ကနေဒါနိုင်ငံတို့မှ တင်သွင်းလာသည့် ပဲနီလေးများအပေါ် အကောက်ခွန် သုညရာခိုင်နှုန်းဖြင့် အခွန်ကင်းလွတ်ခွင့်ပြုခဲ့ပြီး ပင်ရင်းဒေသအဖြစ် အမေရိကန်နိုင်ငံမှ ပဲနီလေးတင်သွင်းခြင်းဖြစ်ပါက ယခင်အကောက်ခွန်နှုန်း ၃၀% မှ ယခု ၂၂% သာ ပေးဆောင်ရမည်ဖြစ်သည်။

အလားတူ စားအုန်းဆီကြမ်း တင်သွင်းမှုအပေါ် စိုက်ပျိုးရေး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု ထပ်ဆောင်းအခွန် (AIDC) ကိုလည်း လက်ရှိ ၇.၅% ကောက်ခံလျက်ရှိရာမှ ၁၃-၂-၂၀၂၂ နေ့မှစ၍ ၅% သို့ လျှော့ချမည်ဖြစ်ကြောင်း အဆိုပါ အမိန့်စာ၌ ဖော်ပြခဲ့သည်။ သို့ဖြစ်ရာ အခြားထပ်ဆောင်းအခွန်များအပါအဝင် စားအုန်းဆီကြမ်း၏ ဆိပ်ကမ်းအရောက် CIF တန်ဖိုးအပေါ် ယခင်က အခွန်စုစုပေါင်း ၈.၂၅% ကျသင့်ရာမှ ယခု ၅.၅% သာ ပေးဆောင်ရတော့မည်ဖြစ်သည်။ ထို့အပြင် အိန္ဒိယ အစိုးရသည် စားအုန်းဆီကြမ်း၊ ပဲပုတ်ဆီကြမ်းနှင့်နေကြာဆီကြမ်းတို့ တင်သွင်းမှုအပေါ် အခြေခံအကောက်ခွန်နှုန်းထားအား ၃၁-၃-၂၀၂၂ နေ့အထိ သုညရာခိုင်နှုန်းဖြင့် ကင်းလွတ်ခွင့်ပြုထား ခြင်းကို ၃၀-၉-၂၀၂၂ နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက် ကြောင်း ၎င်းအမိန့်ကြော်ငြာစာ၌ ထည့်သွင်းထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ၂၀၂၁ ခုနှစ် နိုဝင်ဘာလခန့်မှစ၍ အနည်းငယ်ကျဆင်းနေခဲ့သော စားသုံးဆီဈေးနှုန်းများမှာ ပြန်လည် မြင့်တက်လာခဲ့ရာ မုံညင်းဆီဈေးနှုန်းသည် လက်ကားဈေးကွက်၌ ယခင်အမြင့်ဆုံးနှုန်းထားဖြစ်သော ၁ ကီလိုဂရမ်လျှင် ၁၇၅ ရူပီးသို့ရောက်ရှိခဲ့သည်။ ယခုကဲ့သို့ အစိုးရ၏ အခွန်လျှော့ချပေးမှုက ပြည်တွင်းရှိ စားသုံးဆီ ပြန်လည်သန့်စင်မှု လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ၆၀% ခန့် တိုးတက်လာစေဖွယ်ရာရှိသည်။

ပြည်တွင်းဈေးကွက်၌ ပဲနီလေးဈေးနှုန်းများမှာ အစိုးရကသတ်မှတ်ထားသည့် အနိမ့်ဆုံးထားရှိ ဝယ်ယူပေးမည့် အခြေခံ ရည်ညွှန်းဈေးနှုန်းဖြစ်သော ၁ ကီလိုဂရမ်လျှင် ၆၄ ရူပီးနှုန်းထက် ပိုမိုလျက် ၁ ကီလိုဂရမ်လျှင် ရူပီး ၇၀ မှ ၇၃ ရူပီးအထိ ဖြစ်ပေါ် လျက်ရှိသည်။ ပဲနီလေးအဓိကတင်ပို့သော ဩစတေးလျနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများအတွက် နှစ်သက်လိုလားဖွယ်ရာ ဖြစ်သော်လည်း ပြည်တွင်း ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ မကြာမီပဲနီလေးများထွက်ပေါ်လာမည့်အချိန်၌ သွင်းကုန်အပေါ် အစိုးရ၏ အခွန်နှုန်းထားလျှော့ချမှုသည် ကုန်သည်များအတွက် အံ့အားသင့်ဖွယ်ရာဖြစ်စေခဲ့သည်။

Source: 1. Centre cuts import duty on lentils, palm oil cess to tame food inflation, 15-2-2022, Economic Times

2. Centre reduces agri-cess for Crude Palm Oil (CPO) from 7.5% to 5% with effect from 12th February, 2022, 14-2-2022, Press Information Bureau of India

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့)**

## ပို့ကုန်မြှင့်တင်ရန်အတွက် ထိုင်းဆန်မျိုးကွဲသစ်များ တန်းစီထားခြင်း

ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင်ဆန်တင်ပို့မှု ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရန်အတွက် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် ဆန်မျိုးကွဲသစ်(၁၂)မျိုးအားဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်နေကြောင်းသိရှိရပါသည်။ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဆန်မျိုးကွဲသစ်

များအား ဆုချီးမြှင့်သည့် အခမ်းအနားအပြီးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ဝန်ကြီးဌာနအနေဖြင့် ထိုင်းဆန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဈေးကွက်များနှင့် ဈေးကွက်သစ်များသို့ တင်ပို့မှုတိုးတက်စေရေးတို့အတွက်လုပ်ငန်းအဖွဲ့ကိုတည်ထောင်ထားကြောင်းပြောကြားခဲ့ပါသည်။

ဆန်အမျိုးအစားသစ်(၁၂)မျိုးအနက်လေးမျိုးမှာဆန်မာအမျိုးအစားဖြစ်ကြောင်း၊ အခြားလေးမျိုးမှာ ဆန်ပျော့အမျိုးအစားနှင့် နှစ်မျိုးမှာ ထိုင်းဆန်မွှေးများဖြစ်ကြောင်း၊ ကျန်နှစ်မျိုးမှာမူ အာဟာရဓါတ်မြင့်မားသည့်ဆန်များဖြစ်ကြောင်း၊ အဆိုပါ မျိုးကွဲသစ်များသည် ကမ္ဘာ့စားသုံးသူများ အကြားဝယ်လိုအားမြင့်မားသည့် ဆန်အမျိုးအစားများဖြစ်သည်ဟု ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် အရည်အသွေးမီဆန်များ ထုတ်လုပ်ရာတွင် ဦးဆောင်သူဖြစ်ရမည်ဟု ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။ မဟာဗျူဟာမှာပြဿနာနှစ်ခုကိုဖြေရှင်းရန်အဓိကဖြစ်ကြောင်း၊ ထိုင်းဆန်အနေဖြင့် ရေရှည်အတွက် ဈေးနှုန်းမယှဉ်ပြိုင်နိုင်ခြင်းနှင့် ဆန်မျိုးကွဲအနည်းငယ်သာရှိခြင်းဖြစ်ပါသည်။

အမျိုးသား ဆန်မဟာဗျူဟာတွင်ထုတ်လုပ်မှု ကုန်ကျစရိတ်အားယခုလက်ရှိ တစ်တန်လျှင် ဘတ် (၆,၀၀၀) ယခု(၅)နှစ်အတွင်း တစ်တန်လျှင်ပျှမ်းမျှ ဘတ်(၃,၀၀၀)သို့ လျှော့ချရန်ဖြစ်ကြောင်း၊ အထွက်နှုန်းအား လက်ရှိမြေတစ်ရိုင် (Rai)လျှင် (၄၆၅) ကီလိုဂရမ်မှ ပျမ်းမျှ(၆၀၀)ကီလိုဂရမ်သို့ တိုးမြှင့်ရရှိနိုင်ရန်အတွက် တောင်းဆိုတိုက်တွန်းထားကြောင်း၊ အကယ်၍ ထိုကဲ့သို့ ရရှိခဲ့ပါလျှင် ကမ္ဘာ့ဈေးကွက်တွင် တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က ပြည်ပသို့ဆန်တန်ချိန်(၆.၁၁)သန်း တင်ပို့ခဲ့ကြောင်း၊ ၎င်းမှာ ၂၀၂၀ခုနှစ်တွင် တင်ပို့ခဲ့သော ဆန်တန်ချိန်(၅.၇၃)သန်းထက် (၆,၆၈%)ပိုမိုတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပို့ကုန်တန်ဖိုးအားဖြင့်ဆိုပါက ဘတ်ငွေ (၁၀၈) ဘီလီယံရှိပြီး ၎င်းမှာ ၂၀၂၀ ခုနှစ်တွင်ရရှိခဲ့သော တန်ဖိုးငွေဘတ်(၁၁၆)ဘီလီယံထက် (၇.၁၄%)နည်းပါးသွားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ယမန်နှစ်က တင်ပို့ခဲ့သောဆန်များတွင် ဆန်ဖြူတန်ချိန်(၂.၃၅)သန်း(+၁၈.၉%)၊ ထိုင်း ဟုမ်းမလိဆန်တန်ချိန် (၁.၄)သန်း (-၁.၇%)၊ ပေါင်းဆန်တန်ချိန် (၁.၄)သန်း(+၁.၆%)၊ ထိုင်းဆန်မွှေးတန်ချိန် (၅၅၀,၅၇၄)(၄.၁%)၊ ကောက်ညှင်းဆန်တန်ချိန် (၃၁၀,၈၇၈)(+၁၂.၄%)တို့ဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းပြည်ပဆန် တင်ပို့သူများအသင်းအနေဖြင့် ရေလုံလောက်စွာရရှိခဲ့မှုကြောင့် ယခုနှစ်အတွက် ပြည်ပဆန်တင်ပို့မှု (၁၄.၈%)တိုးတက်နိုင်ပြီး တန်ချိန်(၇)သန်း ရရှိနိုင်မည်ဟုခန့်မှန်းထားကြောင်း၊ ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် ဝယ်လိုအားတိုးတက်လာမည်ဟုခန့်မှန်းရကြောင်း၊ ကောင်းမွန်သောငွေလဲနှုန်းက အထောက်အကူဖြစ်စေသင့်ကြောင်း ထိုင်းပြည်ပဆန်တင်ပို့သူများအသင်းက ဆိုပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## STOCK EXCHANGE (18.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 1,260 | 10,333,000 | 33,109,694 | 274,810 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 799 | 2,397,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 13 | 34,450 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 6 | 17,100 | 19,977,223 | 56,935 |
| AMATA | 00007 | 5,200 | +400 | +8.33% | 5,200 | 5,200 | 5,200 | 2 | 10,400 | 10,497,598 | 54,588 |

## Market summary

As of 18th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 384.29 | +4.32 | +1.14% | 382.39 | 384.29 | 382.39 | 2,080 | 12,791,950 | 7 | 668,515 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 18th Feb. 2022

| MYANPIX | 384.29 ▲ 4.32 |
|---|---|
| Total Volume (shares) | 2,080 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 668,515 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,200 | ▲ 400 |